# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သတင်းထုတ်ပြန်ချက်

## အမှတ်စဉ် (၂/၂၀၁၈)

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေး အမှတ်စဉ် (၂/၂၀၁၈) ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ရန်ကုန်မြို့၊ သစ္စာလမ်းရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရုံးတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၈)တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၅) ခု ခွင့်ပြုခဲ့ပြီး လုပ်ငန်း (၂) ခုကို အတည်ပြုခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီက အတည်ပြုခဲ့သည့် လုပ်ငန်း (၃) ခုရှိပြီး ယခုအစည်းအဝေး ကာလတွင် စုစုပေါင်း လုပ်ငန်း (၁၀) ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၁၄၁.၁၁၉) သန်းကို ခွင့်ပြု/အတည်ပြု ပေးခဲ့ပြီး အဆိုပါ လုပ်ငန်းများမှ ပြည်တွင်း လုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း (၂,၄၉၅)ခုကို ဖန်တီးပေးမည်ဖြစ်ပါသည်။ ခွင့်ပြု/အတည်ပြု လုပ်ငန်း (၁၀) ခုမှာ စက်မှုကဏ္ဍ လုပ်ငန်း (၆) ခု၊ အခြားဝန်ဆောင်မှုကဏ္ဍ (၂)ခု နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်း ကဏ္ဍ လုပ်ငန်း(၂)ခု ဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/အတည်ပြုပေးခဲ့မှုမှာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၁၉၅) ခု၊ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၄,၄၁၈.၁၁၇)သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ (၅,၁၁၂.၄၃၃)သန်း ဖြစ်ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အထူးစီးပွားရေးဇုန် ဥပဒေ အရ သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ (၂၉၁.၉၄၁) သန်း ခွင့်ပြုခဲ့သဖြင့် စုစုပေါင်း ခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ (၅,၄၀၄.၃၇၃)သန်း ဖြစ်ပါသည်။

အဆိုပါ အစည်းအဝေးတွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၃) ခု ခွင့်ပြုခဲ့ပြီး ခွင့်ပြုခဲ့ပြီး လုပ်ငန်း (၁) ခုကို အတည်ပြုခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီကအတည်ပြုပေးခဲ့သည့်လုပ်ငန်း (၁)ခုနှင့် ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီက အတည်ပြုပေးခဲ့သည့် လုပ်ငန်း (၁) ခုရှိသဖြင့် စုစုပေါင်း လုပ်ငန်း(၆)ခုမှ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၆.၆၆၅) သန်း အပါအဝင် ကျပ် (၈၉,၄၉၀.၁၇၀) သန်း ခွင့်ပြု/အတည်ပြုပေးခဲ့ပါသည်။ အဆိုပါ လုပ်ငန်းများမှ ပြည်တွင်း လုပ်သားများ အတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း(၈၆၃)ခုကို ဖန်တီးပေးမည် ဖြစ်ပါသည်။ ခွင့်ပြု/အတည်ပြု လုပ်ငန်း (၆) ခုမှာ အိမ်ယာအဆောက်အအုံ တည်ဆောက်

Email: dica@mptmail.net.mm
Website: www.dica.gov.mm

ဖွံ့ဖြိုးမှုကဏ္ဍ (၁)ခု၊ သတ္တုကဏ္ဍ (၁)ခု၊ အခြားဝန်ဆောင်မှုကဏ္ဍ (၂) ခု နှင့် ဟိုတယ်နှင့် ခရီးသွား ကဏ္ဍ(၂)ခု တို့ ဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုပေးခဲ့မှုမှာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်အထိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း (၉၅)ခု၊ အမေရိကန် ဒေါ်လာ (၈၇၁.၉၈၉)သန်း အပါအဝင် ကျပ် (၃,၀၇၅,၅၆၄.၁၇၇) သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၉၇၈.၄၂၀) သန်း အပါအဝင် ကျပ်(၃,၃၇၂,၁၈၄.၂၀၇)သန်း ခွင့်ပြုပြီးဖြစ်ပါသည်။

Email: dica@mptmail.net.mm
Website: www.dica.gov.mm